# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (October 01 - 07, 2024)

## အောက်တိုဘာလ ပထမအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် အောက်တိုဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၄ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၄ ဦးနှင့် အမျိုးသမီး ၅ ဦး ပါဝင်ပါသည်။
- မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၀ ဦးစီ သေဆုံးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၉ ဦး၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၅ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၇ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၅ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၅၆ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ရခိုင်ပြည်နယ်တွင် နေအိမ် ၁၀၀ လုံး၊ ချင်းပြည်နယ်တွင် ၃၀ လုံး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀ လုံး၊ မကွေးတိုင်းတွင် ၅ လုံးနှင့် မန္တလေးတိုင်းတွင် ၁ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၄ ခုတွင် အောက်တိုဘာလ ပထမအပတ်အတွင်း အရပ်သားပြည်သူ ၃၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ မွန်ပြည်နယ်တွင် ၃၄ ဦး၊ ရခိုင်ပြည်နယ်တွင် ၂ ဦး၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၈ ခုတွင် အောက်တိုဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၁၀၁ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၇၀ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၀ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၆ ကြိမ်၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ကြိမ်စီ၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ၂ ကြိမ်စီ၊ တနင်္သာရီတိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။

## အောက်တိုဘာလ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ပထမအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၃၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၇ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ကြိမ်စီ၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၃ ကြိမ်စီ၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့ တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

အောက်တိုဘာလ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၂၄ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၆ ဦး ကျဆုံးခဲ့ပါသည်။

# ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

အောက်တိုဘာ ၆ ရက်တွင် အာရက္ခတပ်တော်(AA)က ရခိုင်ပြည်နယ်၊ အမ်းမြို့ရှိ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ အဓိကခံစစ်စခန်း တစ်ခုဖြစ်သော မဲနယ်တောင်ဗျူဟာနှင့် ဂွမြို့ရှိ ကုလားပြင်တပ်စခန်းတို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကချင်ပြည်နယ်၊ ချီဖွေခရိုင်၊ ဆော့လော်မြို့နယ်ရှိ ဆော့လော်မြို့နှင့် စစ်တပ်စခန်းအားလုံးကို KIA ဦးဆောင်သော တော်လှန်ရေးတပ်များက အောက်တိုဘာ ၂ ရက်တွင် အပြီးသတ် တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

- ကချင်ပြည်နယ်၊ ချီဖွေ - ပန်ဝါလမ်းပိုင်းရှိ စစ်ကောင်စီ လက်အောက်ခံ နယ်ခြားစောင့် တပ်ဖွဲ့(BGF) တပ်စခန်းတစ်ခုကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA)က အောက်တိုဘာ ၃ ရက်တွင် ထပ်မံသိမ်းပိုက်နိုင်ခဲ့သည်။

**အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 01-07, October 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **BAGO** | 3 | | 21 | | | 1 | 1 | | |
| **CHIN** | 5 | 70 | | 4 | | | | | 30 |
| **KACHIN** | 7 | | | | | 1 | | | |
| **KAYIN** | 3 | 2 | 35 | | | 1 | | | |
| **MAGWAY** | 1 | 5 | 2 | | 2 | 8 | | | 5 |
| **MANDALAY** | 1 | 2 | 6 | | | | | | 1 |
| **MON** | 1 | | 4 | | | | 34 | | |
| **RAKHINE** | 5 | 5 | | | 1 | 9 | 2 | | 100 |
| **SAGAING** | 6 | 6 | 48 | 2 | | 9 | | | |
| **SHAN ( N )** | 1 | 10 | | | | 1 | | | 20 |
| **TANINTHARYI** | 3 | 1 | 8 | | 1 | | | | |
| **YANGON** | | | | | | | 1 | | |
| **TOTAL** | **36** | **101** | **124** | **6** | **4** | **30** | **38** | | **156** |

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV, Than Lwin Times, Khonumthung Burmese, The Nation Voive.**